**ကျောင်းအုပ်ကြီး၏ ပြင်းပြစိတ်အားထက်သန်မှု -** ***အမျိုးသား ဟစ်စပန်းနစ် အမွေအနှစ်လ*** **- Peachtree အလယ်တန်းကျောင်းရှိ ဆင်နွှဲအားထုတ်မှုများ**

DeKalb ကောင်တီ၏ နှလုံးအိမ်နေရာတွင်ရှိသည့် Peachtree အလယ်တန်းကျောင်းသည် ခန်းမစင်္ကြံများတစ်လျှောက် *အမျိုးသား ဟစ်စပန်းနစ် အမွေအနှစ်လ* အား အထင်အရှားမြင်တွေ့ နိုင်သည်နှင့်အညီ စုံလင်တောက်ပသော ကျင်းပဆင်နွှဲမှုများနှင့် တန်ဖိုးမဖြတ်နိုင်သော သင်ခန်းစာများတို့ဖြင့် လူအများအား ဆွဲဆောင်လျက်ရှိသော နေရာတစ်ခု ဖြစ်လျက်ရှိပေသည်။ ဟစ်စပန်းနစ် နှင့် ပရူတိုရီကန် မျိုးနွယ်မှဆင်းသက်လာသူဖြစ်သော ကျောင်းအုပ်ကြီး Michelle Perez သည် ဤအသိအမှတ်ပြုထားသည့် အထူးတစ်လတာ ကာလအတွင်း သူမ၏ ကျောင်းသားများအတွက် ညှိနှိုင်းပါဝင်မှု နှင့် အလုံးစုံပါဝင်မှုရှိသော ပတ်ဝန်းကျင်တစ်ခုအား ဖန်တီးပေးနိုင်ရန်အလို့ငှာ ဦးဆောင် တာဝန်ယူလျက် ရှိပါသည်။

*အမျိုးသား ဟစ်စပန်းနစ် အမွေအနှစ်လ*အား အမေရိကန်ပြည်ထောင်စု၌ နှစ်စဉ် စက်တင်ဘာလ 15 ရက်မှ အောက်တိုဘာလ 15 ရက်အထိ ကျင်းပလေ့ရှိပြီး၊ ဤသည်မှာ နိုင်ငံတော်၏ သမိုင်း၊ ယဉ်ကျေးမှု နှင့် အောင်မြင်စွမ်းဆောင်နိုင်မှုများတို့နှင့်ပတ်သက်၍ ဟစ်စပန်းနစ် အမေရိကန်များ၏ ထည့်သွင်းပါဝင်မှုများ နှင့် လွှမ်းမိုးသက်ရောက်မှုများတို့ကို ဂုဏ်ပြုရန် အချိန်ကာလတစ်ခု ဖြစ်ပေသည်။ DeKalb ကောင်တီကျောင်းခရိုင် (DCSD) အနေနှင့် ၎င်းထံ၌ ဟစ်စပန်းနစ်/လက်တီနို မျိုးဆက်အမွေအနှစ် ကျောင်းသားဦးရေ 20 ရာခိုင်နှုန်းခန့်ရှိသည်ကို အစဉ်ပင် ဂုဏ်ယူလေ့ရှိပါသည်။ ဤသည်မှာ အထူးပင် အံ့သြချီးမွမ်းဖွယ်ဖြစ်သော်လည်း Peachtree အလယ်တန်းကျောင်းတွင်မူ ဤရပ်ရွာအဖွဲ့အစည်းအား ကိုယ်စားပြုသည့် ၎င်း၏ကျောင်းသားဦးရေသည် 45 ရာခိုင်နှုန်းအထိပင်ရှိသည်မှာ အထူးပင် အသိအမှတ်ပြုလောက်စရာ ဖြစ်သည်။

သူမ ကျောင်းသားများ၏ နောက်ခံရာဇဝင်များအား ထွေးပွေ့ထားရန် စိတ်အားထက်သန်သော ကျောင်းအုပ်ကြီး Perez သည် ဤအခွင့်အရေးအား အမိအရ ဖမ်းဆုပ်ကိုင်ကာ သူမ၏ ကျောင်းသားများနှင့်အတူ ဤနှစ်စဉ် ဟစ်စပန်းနစ် အမွေအနှစ် ဆင်နွှဲကျင်းပမှုများအား စီမံဆောင်ရွက်သွားခဲ့သည်။ သူမသည် မိဘများနှင့်အတူ တက်ကြွစွာ ညှိနှိုင်းဆောင်ရွက်ကာ ၎င်းတို့၏ ဟစ်စပန်းနစ် နောက်ခံများ၊ ထို့ပြင် ၎င်းတို့၏ မူလနိုင်ငံများတို့နှင့်ပတ်သက်ပြီး ဆွေးနွေးမှုများ ပြုလုပ်ခဲ့သည်။

ဤ *အမျိုးသား ဟစ်စပန်းနစ် အမွေအနှစ်လ* ကာလအတွင်း Peachtree အလယ်တန်းကျောင်းရှိ တမူထူးခြားသော လှုပ်ရှားဆောင်ရွက်မှုများထဲမှ တစ်ခုမှာ စာသင်ခန်း တံခါး၀ အလှဆင် ပြိုင်ပွဲ ပြုလုပ်ခြင်းပင် ဖြစ်သည်။ ဆရာ၊ဆရာမများ နှင့် ကျောင်းသားများတို့သည် ၎င်းတို့၏ တံခါးများအား အလှဆင်ယင်မှုများ၊ အချက်အလက်များ နှင့် အမျိုးမျိုးသော ဟစ်စပန်းနစ် နိုင်ငံများ၏ အလံများတို့ဖြင့် စုံလင်တောက်ပစွာ ဆင်ယင်ထုံးဖွဲ့ ခဲ့ကြသည်။ ထို့ပြင် စာသင်ကျောင်းတွင် မနက်ခင်း သတင်းထုတ်ပြန်ချက်ကာလအတွင်း အသေးအမွှား ဉာဏ်စမ်းမေးခွန်းများအား စီမံဆောင်ရွက်ကာ ဟစ်စပန်းနစ် အသိုင်းအဝိုင်းမှ ထင်ရှားသော သမိုင်းဝင် ပုဂ္ဂိုလ်များ၏ အောင်မြင်စွမ်းဆောင်နိုင်မှုများကို စူးစမ်းလေ့လာခဲ့ကြသည်။

"အဆောက်အဦးထဲ လမ်းလျှောက်ရင်း [အလှဆင်ထားတဲ့ တံခါးတွေပေါ်က] အချက်အလက်တွေကို လေ့လာရတာ၊ ပြီးတော့ သူတို့တွေ အမိကဖော်ပြဖို့ ရွေးချယ်ထားတဲ့ ပုဂ္ဂိုလ်အမျိုးမျိုးအကြောင်းကို တံခါးပေါ်မှာ ဖတ်ရှုရတာဟာ တကယ်ကို အရမ်းကောင်းပါတယ်၊" ဟု ကျောင်းအုပ်ကြီး Perez မှ ပြောကြားခဲ့သည်။ "ကလေးတွေရဲ့ စာသင်ခန်းထဲမှာ ပြောကြားကြတဲ့ အချက်အလက်တွေထဲက အချက်တစ်ခုခုကို ကျွန်မတို့က တင်ပြပြီး၊ ပြီးတဲ့အခါမှာ ရေဒီယိုလိုမျိုး အရှေ့ ရုံးခန်းထဲ ၎င်းတို့ကို လာရောက်ဖြေကြားစေတယ်၊ ပြီးတဲ့အခါမှာတော့ မှန်အောင် ဖြေနိုင်တဲ့အတွက် သူတို့လေးတွေကို ဆုချတယ်။"

ဤသင်ခန်းစာများသည် ဗဟုသုတရရှိစေသည်ထက်ပင် ကျော်လွန်ပြီး ကျောင်းသားများနှင့် ဆရာ၊ဆရာမများအကြား အဓိပ္ပါယ်ပြည့်ဝသည့် တုံ့ပြန်ဖလှယ်ဆက်သွယ်မှုများကို ပျိုးထောင်ပေးကာ ၎င်းတို့၏ ကွဲပြားစုံလင်သော နောက်ခံအမျိုးမျိုးအကြောင်း စကားစမြည်ပြောနိုင်စေရန် တိုက်တွန်းအားပေးပေသည်။ ဂရိတ် ခုနစ်တန်းကျောင်းသူဖြစ်သည့် Brithany Avila မှလည်း သူမအနေနှင့် ဟစ်စပန်းနစ် ကျောင်းအုပ်တစ်ဦး ရရှိထားခြင်းအတွက် အလွန်ပင် ကျေးဇူးတင်ကျေနပ်မိကြောင်း ဖွင့်ဟပြောကြားခဲ့သည်။

"စပိန်ဘာသာနဲ့ ပြောကြားပေးနိုင်တဲ့သူ၊ ကျွန်မတို့ရဲ့ ပြဿနာတွေအားလုံးအကြောင်းကို ပြောပြဆွေးနွေးပေးနိုင်တဲ့သူ၊ ပြီးတော့ ကျွန်မတို့ကို နားလည်ပေးနိုင်တဲ့သူ တစ်စုံတစ်ဦး ရှိနေပါတယ်၊" ဟု Brithany မှ ဆိုသည်။ "သူမဟာ ကျွန်မတို့ရဲ့

ခံစားချက်တွေကို အမြဲ နားလည်ပေးနိုင်တဲ့ တကယ်ကို ကောင်းမွန်တဲ့ ကျောင်းအုပ်တစ်ဦးပါ။ သူမဟာ ကျောင်းကို ပျော်ရွှင်ဖွယ်ရာဖြစ်အောင် ပြုလုပ်ပေးနိုင်တဲ့အပြင် တစ်ချိန်တည်းမှာပဲ ပညာသင်ကြားရရှိစေဖို့လည်း ဆောင်ရွက်ပေးနိုင်တယ်။"

အပေါင်းအဖော် ကျောင်းသားများဖြစ်သည့် Aviv Balsar နှင့် Michael Williams တို့မှလည်း ဤမှတ်ချက်များကို ပဲ့တင်ထောက်ခံကာ ကျောင်းအုပ် Perez ၏ ခေါင်းဆောင်မှုအပိုင်း နှင့် ပညာရေးဆိုင်ရာ အခွင့်အလမ်းများတို့ကို ချီးကျူးခဲ့ကြသည်။

"သူမဟာ အကျင့်ပုတ်တဲ့ ကျောင်းအုပ်တစ်ဦး မဟုတ်တဲ့အတွက် နှစ်မြို့က်မိပါတယ်။ သူမဟာ ကျောင်းအတွက် အရမ်းကြိုးစားပေးတယ်၊ လူတိုင်း ပြုံးနိုင်အောင် ဆောင်ရွက်ပေးတယ်၊ ပြီးတော့ လူတိုင်းရဲ့ တစ်နေ့တာကို ကောင်းမွန်အောင် ဆောင်ရွက်ပေးတယ်၊" ဟု Michael မှ ပြောကြားခဲ့သည်။ "မြေပုံပေါ်မှာ မက္ကဆီကိုရဲ့ နေရာနဲ့ ၎င်းရဲ့ အရမ်းမိုက်တဲ့ အရည်အသွေးတွေ၊ ဥပမာ အရမ်းကောင်းတဲ့ အစားအသောက်တွေအကြောင်း သင်ယူခဲ့ရတယ်။"

Aviv မှ သဘောတူထောက်ခံခဲ့သည်။ "ဟစ်စပန်းနစ် အမွေအနှစ်အကြောင်း သိပ်မသိခဲ့ဘူး၊ ဒီတော့ အဲ့ဒါနဲ့ပတ်သက်တဲ့ အကြောင်းအရာအသစ်တွေကို သင်ယူရတာ တကယ်ကို ပျော်ဖို့ကောင်းပါတယ်။"

ကျောင်းအုပ်ကြီး Perez ၏ Peachtree အလယ်တန်းကျောင်းအပေါ် ခေါင်းဆောင်မှု ခရီးစဉ်သည် အလွန်ပင် စိတ်အားထက်သန်ဖွယ်ရာ ဖြစ်သည်။ သူမသည် ကျောင်းဆရာတစ်ဦးအဖြစ် သူမ၏ သက်မွေးဝမ်းကျောင်းအား 2015 ခုနှစ်၌ စတင်ခဲ့ပြီး၊ သူမ၏ နှစ်မြှုပ်အားထုတ်မှု နှင့် သက်ရောက်စွမ်းဆောင်နိုင်မှုများအားဖြင့် တဖြည်းဖြည်း ပိုမိုများပြားသော ကဏ္ဍများအား တာဝန်ယူလာရသည်။ 2021 ခုနှစ်၌ ကျောင်း၏ ကျောင်းအုပ်အဖြစ် တာဝန်ခန့်အပ်ခံရချိန်၌ သူမ၏ ခရီးစဉ်သည် ထိပ်ဆုံးသို့ ရောက်ရှိခဲ့ပြီး၊ သူမသည် DCSD ၏ အသက် 28 နှစ်သာ ရှိသေးသည့် အသက်အငယ်ဆုံးသော ကျောင်းအုပ် ဖြစ်လာခဲ့သည်။

ကျောင်းအုပ်ကြီး Perez သည် ဆရာတစ်ဦးအဖြစ် ကနဦး စတင်တာဝန်ထမ်းဆောင်ခဲ့စဉ်ကပင် သူမ၏ကျောင်းသားများအတွက် အကြံပြုထောက်ခံရန် နှင့် ပိုမိုထင်ရှားသော ကဏ္ဍတစ်ခုမှတစ်ဆင့် ခြားနားမှုတစ်ခုခုအား ပြုလုပ်နိုင်ရန် အခွင့်အရေးတစ်ခုစီတိုင်းကို ထွေးပွေ့တန်ဖိုးထားခဲ့သည်။

"ကျောင်းအုပ် ဖြစ်လာရတာက မတော်တဆ ဖြစ်ရပ်ပါ၊ ဘာဖြစ်လို့လဲဆိုတော့ ကျွန်မက အမြဲတမ်း သင်ကြားပေးချင်ရုံဖြစ်တယ်လို့ ကျွန်မ နောက်ပြောင်ပြောကြားလေ့ရှိတယ်၊" ဟု ကျောင်းအုပ် Perez မှ ဆိုသည်။ "ကျွန်မ စာသင်ကြားပေးရတာကို တကယ် မြတ်နိုးပါတယ်။ အဲ့ဒါက ကျွန်မရဲ့ အချစ်ဦးပါ၊ ဒါပေမဲ့လည်း အရာရာတိုင်းဟာ အမြဲ ပြောင်းရွှေ့နေတယ်။ ကျွန်မက ကလေးတွေကို ချစ်တယ်၊ သူတို့ကို အကြံပြုထောက်ခံပေးလိုတယ်၊ ပြီးတော့ ရာထူးတစ်ခုစီတိုင်းဟာ ကျွန်မကို ပိုမိုကြီးမားတဲ့ စွမ်းဆောင်မှုတွေကို ပြုလုပ်ခွင့်ပေးတယ်။"

ကျောင်းအုပ်ကြီး Perez ၏ ခေါင်းဆောင်မှုသည် Peachtree အလယ်တန်းကျောင်း၌ ဖယ်ရှားပယ်ဖျက်၍မရနိုင်သော အမှတ်အသားတစ်ခုကို ချန်ထားရစ်ပေသည်။ ဤကျောင်းပညာသင်နှစ်အတွက် သူမ၏ ရှုပါရုံရည်မှန်းချက်သည် ကျောင်းသား လူမှုဆက်ဆံရေး နှင့် စိတ်ခံစားချက်ပိုင်းဆိုင်ရာ ပံ့ပိုးမှုတို့အပေါ် ဗဟိုပြုပြီး၊ ကျောင်းသား တစ်ဦးတစ်ယောက်စီတိုင်းသည် ဂရုစိုက်မှု၊ လေးစားသမှု နှင့် တန်ဖိုးထားမှုတို့ကို ခံစားရကြောင်း သေချာအောင် ဆောင်ရွက်ပေးသွားရန် ရည်ရွယ်ထားသည်။

"ပြောရမယ်ဆိုရင် ဒီအဆောက်အဦးထဲက ဘယ်ကျောင်းသားမဆိုထံကို သွားပြီး၊ ဂရုစိုက်မှုကို သူတို့ ခံစားရမရ မေးမြန်းအတည်ပြုနိုင်ဖို့ရန် ဖြစ်ပါတယ်၊" ဟု သူမမှ အထူးအလေးပေး ပြောကြားခဲ့သည်။ "ဒီနေရာဟာ ဂရုစိုက်မှု၊ အလေးထားမှု ဒါမှမဟုတ် တန်ဖိုးထားမှု မခံရတာမျိုး မရှိဘဲ သင်ယူလေ့လာမှု ပြုလုပ်နိုင်မယ့် အန္တရာယ်ကင်းစိတ်ချရတဲ့ နေရာတစ်ခုလို့ သူတို့ ခံစားရကြရဲ့လား။ ဒီအရာဟာ ဒီနှစ်အတွက် အဓိက တွန်းအားပေးဆောင်ရွက်သွားမယ့်အရာပဲ ဖြစ်ပါတယ်။"

စင်စစ် *အမျိုးသား ဟစ်စပန်းနစ် အမွေအနှစ်လ* သည် 2023 အတွက် တရားဝင် အပြီးသတ်တော့မည့်အချိန် နီးကပ်လာပြီဖြစ်သော်ငြား ကျောင်းအုပ် Perez မှ သူမ၏ ကျောင်းသားများနှင့် ဝန်ထမ်းများတို့အတွက် မတူကွဲပြားမှုများအား ဂုဏ်ပြုဆင်နွှဲကာ ကျောင်းသားတစ်ဦးတစ်ယောက်စီတိုင်း သက်ဆိုင်မှုကို ခံစားရစေသော နွေးထွေး၍ အလုံးစုံပါဝင်မှုရှိသည့် ပတ်ဝန်းကျင်တစ်ခုကို ဆက်လက် ဖန်တီးဆောင်ရွက်သွားရန် ကတိပြုခဲ့သည်။

XXX